

## သူ ရောင်းချင်တိုင်း ရမှာလား

တစ်ခါက တောရွာတစ်ရွာတွင် မုဆိုးမကြီး ဒေါ်ရွှေထပ် ဆိုသူရှိ၏။ ဒေါ်ရွှေထပ်မှာ အပျိုဖော်ဝင်စ သမီးနှစ်ယောက်လည်း ရှိလေသည်။

သမီးအကြီး ရွှေရွှေက သွက်လက်ချက်ချာပြီး လယ်လယ်ဝယ်ဝယ် ရှိသလောက် သမီးအငယ် ရွှေအေးမှာ ရိုးသည်၊ အသည်။ ထုံထုံထိုင်းထိုင်းနှင့် အစ်မဖြစ်သူ ခိုင်းသမျှ လုပ်ရလေသည်။

ဒေါ်ရွှေထပ်က ဈေးသည်ဖြစ်သလို သမီးနှစ်ယောက်ကလည်း မိခင်ကြီး၏ လုပ်ငန်းစဉ်အတိုင်း ဈေးသည် ဖြစ်ရသည်။

သွက်လက်ပြီး လယ်လယ်ဝယ်ဝယ် ရှိသော သမီးကြီး ရွှေရွှေအပေါ် အားရကျေနပ်မှု ရှိသော ဒေါ်ရွှေထပ်မှာ သမီးငယ် ရွှေအေးကိုတော့ လုံးဝ အားမရသလို ကရုဏာလည်း သက်၊ သနားလည်း သနားနေမိသည်။ ထို့ကြောင့် သမီးငယ်အား...

"ဘာဖြစ်လို့ ဒီလောက် နုံရ၊ ထုံရတာလဲ ရွှေအေးရယ်၊ အမေမရှိရင် ညည်းကို ရွှေရွှေက ရောင်းစားသွားလိုက်မယ် ဟင်း"

ထိုအခါ သမီးငယ် ရွှေအေး ပြန်ပြောလိုက်ပုံကြောင့် ဒေါ်ရွှေထပ်နှင့် ရွှေရွှေတို့ ပြုံးမိသွားကြပါတော့သည်။

"အမေကလည်း သူရောင်းချင်တိုင်း ရမှာလား၊ ကျုပ်က ချိန်ခွင်ပေါ် တက်မယ့်အစားမှ မဟုတ်တာ" ဟူ၏။